# ၁၉၅၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၂၀,၅၅,၃၄,၄၇၀ (၎င်းအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

## ဇယား

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၁,၅၆,၀၁၀ |
| ပညာရေး ... ... ... | ၁,၆၅,၀၉၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၃၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ ... ... | ၁၀ |
| အထွေထွေ ... ... ... | ၆၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၁၇,၄၅,၃၀၀ |
| အမြတ်တော်ခွန်အတွက် မ,တည်ငွေရင်း ... ... | ၇၃,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း ... ... | ၅,၄၂,၅၅၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၁၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း ... ... | ၁၂,၆၀,၇၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း ... ... | ၂၉,၁၆,၉၃၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၇၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၁၀ |
| စက်မှု လက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း ... | ၃,၃၃,၃၃,၃၄၀ |
| နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အတွက် မ,တည်ရင်းနှီးငွေ ... | ၅,၀၀,၀၀,၀၀၀ |
| နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်အတွက် မ,တည်ငွေရင်း ... | ၁,၂၀,၀၀,၀၀၀ |
| ၁၉၄၇ ခုနှစ်၊ အင်္ဂလိပ်-မြန်မာစာချုပ် အပိုဒ် ၆ အရ၊ ယူနိုက်တက်ကင်းဒမ်းအစိုးရသို့ ကြွေးမြီပြန်လည်ပေးဆပ်ခြင်း ... | ၉,၇၃,၃၃,၃၄၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ ချေးငွေများ ... | ၆၁,၈၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၁၀ |
| ပေါင်း ... | ၂၀,၅၅,၃၄,၄၇၀ |

အဘိုး—၁၀ ပြား]

ပ၊မ၊မ၊စ၊—အမှတ် ၁၁၇၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၄-၅၄—၂,၀၀၀—၂။